## မေးခွန်းများ

Burmese

### မဲပေးသူများအတွက် ညွှန်ကြားချက်များ

1. အောက်ပါမေးခွန်းတစ်ခုခုအတွက် မဲပေးရန်ဆိုလျှင် ဘဲဥပုံအမှတ်အသားပြထားသောနေရာတွင် ဟုတ်သည် ဟု ရေးဖြည့်ပါ။
2. အောက်ပါမေးခွန်းတစ်ခုခုအတွက် ဆန့်ကျင်၍ မဲပေးရန်ဆိုလျှင် ဘဲဥပုံအမှတ်အသားပြထားသောနေရာတွင် မဟုတ် ဟု ရေးဖြည့်ပါ။
3. မဲပေးရန်အတွက် ဘဲဥပုံနေရာတွင် ရေးဖြည့်ပါ။ ⬬
4. အမှားပြုလုပ်မိပါက မဲပြားကို ဆုတ်ဖြဲပစ်ပါ သို့မဟုတ် ကုတ်ခြစ်ပါ၊ ထို့နောက် ရွေးကောက်ပွဲအရာရှိထံသို့ ပြန်ပေးပြီး နောက်ထပ်မဲပြားတစ်ပြား တောင်းခံရယူပါ။ ခဲဖျက်ဖြင့် ဖျက်ခြင်းမပြုပါနှင့်။

**1. 2022 ဘဏ္ဍာရေးနှစ်၏ ကျောင်းဘတ်ဂျက်အတွက် ထောက်ခံခွင့်ပြုချက်**

"လာမည့်ဘဏ္ဍာရေးနှစ်အတွက် လိုအပ်သည်ဟု ကျောင်းဘုတ်အဖွဲ့က ဆုံးဖြတ်ထားသည့်ငွေပမာဏဖြစ်သော ဒေါ်လာ 95,105,000 ကို တိုးချဲ့သွားရန် ကျောင်းခရိုင်အတွက် မဲပေးသူများက ခွင့်ပြုပေးစေရမည်လား။

ထောက်ခံခွင့်ပြုလိုက်ပါက ဤအဆိုပြုထားသည့် ဘတ်ဂျက်သည် စာသင်သားတစ်ယောက်လျှင် ဒေါ်လာ 17,069.13 ခန့် ပညာရေးအတွက် သုံးစွဲသွားမည်ဟု ခန့်မှန်းရသည်။ စာသင်သားတစ်ယောက်လျှင် အသုံးပြုထားသည့် ဤအဆိုပြုသုံးစွဲမှုသည် 0.89% ရှိပြီး လက်ရှိနှစ်ဖက် သုံးစွဲမှု ပိုမိုမြင့်မားပါသည်။"

ဟုတ်သည် ⬭

မဟုတ် ⬭

**2. လေဆိပ်ကော်မရှင်နာများဘုတ်အဖွဲ့ထံသို့ အဖွဲ့ဝင်များထည့်ရန်အတွက် အဆိုပြုထားသည့် ပဋိဉာဉ်အပြောင်းအလဲ**

"Burlington မြို့တော်ပဋိညာဉ်၏ ပြင်ဆင်ချက် §120 နှင့် §276 ဖြင့် 1949 ခုနှစ် အက်ဥပဒေ၊ အမှတ် 298 ကို ပြင်ဆင်ချက်အရ မြို့တော်လေဆိပ်ကော်မရှင်နာများဘုတ်အဖွဲ့၏ အင်အားကို အဖွဲ့ဝင်ခုနစ်ဦးအထိ တိုးမြှင့်ရန် ထပ်မံပြင်ဆင်ရမည်။ ထိုသို့တိုးမြှင့်ရာတွင် Winooski ထံမှ ကိုယ်စားလှယ်တစ်ဦးနှင့် နောက်ထပ် Burlington ကိုယ်စားလှယ်တစ်ဦးကို ဖြည့်တင်းခြင်းပါဝင်စေရမလား။"

ဟုတ်သည် ⬭

မဟုတ် ⬭

**3. အပူစွမ်းအင်စနစ်များကို ထိန်းညှိရန် အဆိုပြုထားသည့် ပဋိဉာဉ်အပြောင်းအလဲ**

"လူနေအိမ်ရာနှင့် စီးပွားရေးလုပ်ငန်းများတည်ရှိရာ အဆောက်အဦးများအတွင်းရှိ အပူစွမ်းအင်စနစ်များကို ထိန်းညှိရန်ငှာ မြို့တော်ကောင်စီအား ခွင့်ပြုပေးနိုင်ရန်အတွက် အောက်ပါလုပ်ပိုင်ခွင့်ကို မြို့တော်ကောင်စီ၏ တစ်ခုချင်းဖော်ပြထားသည့်လုပ်ပိုင်ခွင့်များထံသို့ အောက်ပါလုပ်ပိုင်ခွင့်ကို ထည့်သွင်းရန် ပုဒ်မ 48 ကို ပြင်ဆင်၍ Burlington မြို့တော်ပဋိညာဉ်၊ 1949 ခုနှစ် အက်ဥပဒေ၊ အမှတ် 298 ကို ထပ်မံပြင်ဆင်ရမည်-

<u>(67) မြို့တော်တစ်ခုလုံးတွင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများအား လျှော့ချရန် ရည်ရွယ်ချက်အတွက် ကာဘွန်အကျိုးသက်ရောက်မှု သို့မဟုတ် လိုက်နာမှုအတွက် အရန်ပေးချေမှုများကို ဆန်းစစ်အကဲဖြတ်ခြင်းအပါအဝင် လူနေအိမ်ရာနှင့် စီးပွားရေးလုပ်ငန်းများတည်ရှိရာ အဆောက်အဦးများအတွင်း အပူစွမ်းအင်ပေးစနစ်များကို ထိန်းကြောင်းကွပ်ကဲရန် ထိုရည်ရွယ်ချက်ကို မျှော်လင့်ထားသည့်အတိုင်း သတိပေးထားသည့် မည်သည့် နှစ်စဉ် သို့မဟုတ် မြို့တော် အထူးအစည်းအဝေးပွဲတွင် ဆွေးနွေးမှုအပေါ် မဲပေးခြင်းဖြင့် ဖော်ပြပါမြို့နယ်၏ တရားဝင်မဲပေးနိုင်သူများ၏ အများစုက ယခင်ခွင့်ပြုချက်မရှိလျှင် မည်သည့် ကာဘွန်အကျိုးသက်ရောက်မှု သို့မဟုတ် လိုက်နာမှုအတွက် အရန်ပေးချေမှုများကိုမဆို ပြဋ္ဌာန်းစေရမလား</u>။"

ဟုတ်သည် ⬭

မဟုတ် ⬭

**4. မြို့တော်ကောင်စီဝင်များအတွက် အဆင့်သတ်မှတ်၍ ရွေးချယ်မှုဖြင့် မဲပေးသည့်စနစ်ကိုကျင့်သုံးရန် အဆိုပြုထားသည့် ပဋိဉာဉ်အပြောင်းအလဲ**

"Burlington မြို့တော်ပဋိညာဉ်၊ 1949 ခုနှစ် အက်ဥပဒေများ၊ အမှတ် 298 တွင် ပြင်ဆင်ထားသည့်အတိုင်း မြို့တော်ပဋိညာဉ်၏ ပြင်ဆင်ချက် § 5 ဖြင့် 2022 ခုနှစ်၊ မတ်လ ရွေးကောက်ပွဲနှင့်အတူ စတင်ခဲ့သည့် မြို့တော်ကောင်စီဝင်များ၏ ရွေးကောက်ပွဲအတွက် အဆင့်သတ်မှတ်ရွေးချယ်မှုကို ကျင့်သုံးရန် ထပ်မံပြင်ဆင်စေရမလား။"

ဟုတ်သည် ⬭

မဟုတ် ⬭

**5. လူနေအိမ်ရာများတွင်နေထိုင်သည့် အိမ်ငှားများအနေဖြင့် ခိုင်လုံသည့်အကြောင်းရင်းမရှိဘဲ နေအိမ်များမှ နှင်ထုတ်ခံရမှုများမှ အကာအကွယ်များပေးအပ်ရန် အဆိုပြုထားသည့် ပဋိဉာဉ်အပြောင်းအလဲ**

"Burlington မြို့တော်ပဋိညာဉ်၊ 1949 ခုနှစ် အက်ဥပဒေများ၊ အမှတ် 298 တွင် ပြင်ဆင်ထားသည့်အတိုင်း လူနေအိမ်ရာများတွင်နေထိုင်သည့်အိမ်ငှားများအား "ခိုင်လုံသည့် အကြောင်းရင်း"မရှိဘဲ နေအိမ်မှ နှင်ထုတ်ခံရမှုများမှ ဥပဒေအရ အကာအကွယ်များဖြင့် ပေးအပ်နိုင်ရန်ငှာ မြို့တော်ကောင်စီအား လုပ်ပိုင်ခွင့်ပေးအပ်ရန် ပုဒ်မသစ် 48(66) ကို အောက်ပါအတိုင်း ရွေးချယ်လက်ခံခြင်းနှင့် ဖြည့်သွင်းခြင်းဖြင့် ထပ်မံပြင်ဆင်ရမည်-

- အကြောင်းရင်းအတွက် တိကျသေချာသော အနက်ဖွင့်ဆိုချက်များကို ရွေးချယ်သတ်မှတ်ခြင်း၊
- အချို့သော အိမ်ရာအဆောက်အဦးများမှတစ်ပါး ပြည့်စုံလုံလောက်သည့် သတိပေးအကြောင်းကြားမှုကဲ့သို့ လျှော့ပေါ့စဉ်းစားခွင့်ပြုသော ပြဋ္ဌာန်းချက်များနှင့် အကျုံးဝင်သည့် အိမ်ငှားရမ်းမှုသဘောတူညီချက်သက်တမ်းစေ့ခြင်းကို အိမ်ငှားရမ်းမှုရပ်ဆိုင်းခြင်းအတွက် "ခိုင်လုံသည့် အကြောင်းရင်း"အဖြစ် သတ်မှတ်ခြင်းမှ ဖယ်ထုတ်ခြင်း၊
- အိမ်မှနှင်ထုတ်ခံရမှုများ သို့မဟုတ် အိမ်ငှားရမ်းမှုသက်တမ်းတိုးမှုများနှင့် အလားတူသည့် ဖြစ်စဉ်များကို တားဆီးရန်အတွက် လက်ခံနိုင်ဖွယ်မရှိသည့် အိမ်ငှားရမ်းခများ တိုးမြှင့်မှုများကို ကန့်သတ်ခြင်း။"

ဟုတ်သည် ⬭

မဟုတ် ⬭

**6. လက်လီဆေးခြောက်ရောင်းချမှုများကို ခွင့်ပြုခြင်း**

"Burlington မြို့တော်သည် မြို့တော်က တရားဝင် လက်ခံထားသည့် မည်သည့် မြို့တော်ဆိုင်ရာ အမိန့်ဥပဒေများ သို့မဟုတ် လုပ်ထုံးလုပ်နည်းများနှင့်မဆို အကျုံးဝင်နေဆဲဖြစ်သည့် ရောင်းချမှုများကဲ့သို့ 2022 ခုနှစ်၊ အောက်တိုဘာလတွင် စတင်ခဲ့သည့် အက်ဥပဒေ 164 အရ Vermont ပြည်နယ်မှ လိုင်စင်ပေးခွင့်ပြုထားသည့် ဆေးခြောက်လက်လီရောင်းချမှုများကိုလည်း ခွင့်ပြုပေးစေရမလား။"

ဟုတ်သည် ⬭

မဟုတ် ⬭

**7. ကာဘွန်လျှော့ချသုံးစွဲရေးကို အကောင်အထည်ဖော်ရာတွင် ရာသီဥတုပြန်လည်မျှတညီညွတ်စေမှုနှင့် ဆွေးနွေးအတိုင်ပင်ခံ မေးခွန်း**

"သန့်ရှင်းသောစွမ်းအင်ပြောင်းလဲအသုံးပြုမှု၏ အကျိုးကျေးဇူးများကို ဝင်ငွေနည်းနှင့် ဝင်ငွေအလယ်အလတ်ရှိသည့် Burlington မြို့သူမြို့သားများ၊ လူမည်းများ၊ ဒေသခံတိုင်းရင်းသားများ၊ လူဖြူမဟုတ်သူများနှင့် အခြားတစ်နည်းနည်းဖြင့် အကျိုးအမြတ်အခွင့်အလမ်းနည်းပါးသည့် လူမှုအသိုက်အဝန်းအဖွဲ့ဝင်များထံသို့ ပို့ဆောင်ရာတွင် ဗဟိုချက်ထားသည့် မူဝါဒများ၊ အစီအစဉ်များနှင့် မက်လုံးပေးဆွဲဆောင်မှုများကို ဖန်တီးရန်အတွက် Burlington မြို့တော်၏ မဲပေးသူများသည် မြို့တော်ကောင်စီနှင့် မြို့တော်ဝန် အုပ်ချုပ်ရေးအဖွဲ့အား လူနေအိမ်ရာများနှင့် စီးပွားရေးလုပ်ငန်း အဆောက်အဦးများအတွင်း အပူစွမ်းအင်စနစ်များ ထိန်းကြောင်းကွပ်ကဲရာတွင် အကြံပြုစေရမလား။"

ဟုတ်သည် ⬭

မဟုတ် ⬭

**မဲပြား၏ မျက်နှာနှစ်ဖက်လုံးအတွက် မဲပေးပါ**

SAMPLE